၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/ ၈၉)

၁၃၅၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၃ ရက်
၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (က) တွင်ပါရှိသော "သားအိမ်ရောဂါ ကုသသည့်အတတ်" ဆိုသည့် စကားရပ်ကို "မီးယပ်ရောဂါကုသသည့်အတတ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (၃) တွင် ပါရှိသော "ကောင်စီလူကြီး ၁၅ ဦး" ဆိုသည့် စကားရပ်ကို "ကောင်စီလူကြီး ၁၁ ဦး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲ ငယ် (ခ) တွင်ပါရှိသော "ကောင်စီလူကြီး ၄ ဦး" ဆိုသည့်စကားရပ်ကို "ကောင်စီလူကြီး ၅ ဦး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (ဃ) တွင် ပါရှိသော "ကောင်စီလူကြီး ဆယ်ဦး" ဆိုသည့်စကားရပ်ကို "ကောင်စီလူကြီး ၅ ဦး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၄။ ၁၉၅၇ ခုနှစ် မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၅ ပုမ်မခွဲ (၂) တွင်ပါရှိသော "ရာထူးသက်တမ်းစေ့ကုန်သည့်အခါ ပြန်လည်ခန့်ထားနိုင်ခွင့်ရှိရမည်။ " ဆိုသည့်စကားရပ်ကို "ရာထူးသက်တမ်း တစ်ဆက်တည်း ၃ ကြိမ်အထိသာ ရွေးချယ်ခန့်ထားခံနိုင်ခွင့် ရှိသည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၂၅ ခြွင်းချက်တွင်ပါရှိသော "မှတ်ပုံတင်အရာရှိက" ဆိုသည့်စကားရပ်ကို "ကောင်စီဥက္ကဋ္ဌက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒ၏ ဇယားအပိုဒ် ၁ တွင် ပါရှိသော "တက္ကသိုလ်မှ" ဆိုသည့် စကားရပ်ကို "ဆေးတက္ကသိုလ်တခုခုမှ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။